DNAowi;p0

# လှေကား

အတွဲ ၂၊ အမှတ်စဉ် ၃ ၂၀၁၀ခုနှစ်၊ မေလ

## ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်း

သခင်ယေရှုခရစ်တော်၏ အစေခံများအနေနှင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသက်တာတစ်ခုလုံးအား ဖွံ့ဖြိုးတိုးတက်စေရန်အစဉ်မပြတ်ဆက်လက်လုပ်ဆောင်နေရမည်။ 'ငါ ဒီနေရာကို ရောက်လာပြီ။ ဆက်ပြီးကြီးထွားဖို့မလိုတော့ဘူး' ဟူသည့် အတိုင်းအတာတစ်ခုအထိသာ ကြီးထွားခြင်းအား ဘုရားသခင် လက်ခံတော်မမူပါ။ ဤအချက်နှင့် ပတ်သတ်ပြီး သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့အား အကြိမ်များစွာသတိပေးထားပါသည်။ ဖိ ၃း၁၄၌ ရှင်ပေါလုသည် ဖိလပ္ပိမြို့သူမြို့သားများအား 'ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်းငှါ၊ ပန်းတိုင်သို့ ငါလိုက်ပြေး၏' ဟု ပြောကြားခဲ့သည်။ ဤကျမ်းချက်ကိုရေးသားသည့်အချိန်၌ ရှင်ပေါလုသည် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည်။ သူသည် သူ၏ကြီးထွားဖွံ့ဖြိုးမှု၌ ကျေနပ်နှစ်သိမ့်နေခြင်းမရှိပါ။ ထိုအစား သူ၏ရှုပါရုံမှာ ယေရှုခရစ်အားဖြင့် အထက်အရပ်မှခေါ်တော်မူခြင်းအတိုင်း တစိုက်မတ်မတ်ကြီးထွားရှင်သန်ရန်ဖြစ်သည်။ သူသည် ကောရိန္သုမြို့သူမြို့သားများအား သူပြခဲ့သောဥပမာအတိုင်းလိုက်လျှောက်ရန် 'ငါသည် ခရစ်တော်၏နည်းတူကျင့်သကဲ့သို့ သင်တို့လည်း ငါ့နည်းတူကျင့်ကြလော့' ဟု (၁ကော ၁၁း၁)၌ ပြောကြားခဲ့သည်။ သခင်ယေရှုသည် တပည့်တော်များအားလည်း ထိုနည်းငှါး အစဉ်သတိပေးခဲ့သည်။ တပည့်တော်များအား 'ထို့ကြောင့်ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်းစုံလင်ခြင်းရှိကြလော့' ဟု မိန့်ကြားခဲ့သည် (မ ၅း၄၈)။ ထိုသို့ မိန့်ကြားရာ၌ ခရစ်တော်သည် မည်သူတစ်စုံတစ်ဦးမျှ ကောင်းကင်ဘုံရှင်အဖ၏ စုံလင်ခြင်းမျိုး၊ ယေရှုခရစ်တော်၏စုံလင်ခြင်းမျိုး မရရှိနိုင်ကြောင်း နားလည်သိရှိထားသည်။ သို့သော် ကျွန်ုပ်တို့သည်ခရစ်တော်နှင့် ပို၍ပိုတူစေရေးအတွက် အမြဲကြီးထွားရန် နမူနာယူနိုင်သည့် အစုံလင်ဆုံးသောစံနမူနာရရှိထားသည်။

မကြာခဏကျွန်ုပ်ကိုယ်တိုင် 'ငါသာ တပည့်တော်တွေထဲကတစ်ယောက်ဖြစ်ခဲ့ရင်ကောင်းမှာပဲ။ ဒါမှငါသခင်ယေရှုဆီကနေ တိုက်ရိုက်သွန်သင်မိန့်ကြားခြင်းတွေခံရမှာ။ တပည့်တော်မဖြစ်နိုင်ရင်လည်း တိမောသေနေရာမှာ ငါသာဖြစ်ခဲ့ရင် ရှင်ပေါလုဆီက တိုက်ရိုက်သွန်သင်ခြင်းခံရမှာပဲ' ဟု တွေးကြည့်ခဲ့သည်။ ဤသို့ကျွန်ုပ်စဉ်းစားကြည့်မိသောအခါများတွင် မာကုသည် ဗာနဗနှင့် ရှင်ပေါလုထံမှ သင်ကြားခံယူခဲ့သကဲ့သို့ ကျွန်ုပ်အားသွန်သင်ပေးနိုင်သည့် ဘုရားဝတ်၌မွေ့လျော်သော အမျိုးသား၊ အမျိုးသမီးများသည် ကျွန်ုပ်အနီးအနားတွင်ရှိကြောင်း ကျွန်ုပ် သဘောပေါက်သိရှိလာခဲ့သည်။

အခြားသူတစ်ဦးထံမှ သင်ကြားခံယူခြင်းဖြစ်စဉ်အား သွန်သင်ဆုံးမလမ်းပြခြင်းဟု ခေါ်သည်။ ကျွန်ုပ်တို့အားလုံး၌ အခြားသူထံမှသွန်သင်နည်းခံရန်၊ အခြားသူများအား သွန်သင်ရန်နှင့် အချင်းချင်းတစ်ဦးနှင့်တစ်ဦးအပြန်အလှန်သွန်သင်ရန် အခွင့်အရေးရှိကြသည်။ ကျွန်ုပ် ရှင်းပြပါမည်။ ကျွန်ုပ်တို့သိသည်ထက် ပို၍သိသည့်သူများအစဉ်အမြဲရှိသည်။ ဤအချက်သည် ကျွန်ုပ်တို့အသက်အရွယ်ကြီးရင့်လာသည့်တိုင် မှန်ကန်မှုရှိသည်။ အချို့ကဏ္ဍများ၌ ကျွန်ုပ်ထက်ပို၍အသိပညာရှိသူများလည်းရှိသည်။ ကြီးထွားရင့်သန် လိုသောအခါ ထိုသူများထံသို့သွား၍သင်ကြားပေးရန်တောင်းဆိုခြင်းသည် ကောင်းသောအရာဖြစ်သည်။ ယခု ကျွန်ုပ်သည် အသက်ငါးဆယ်ကျော်အရွယ်ရှိပြီး၊ နှစ်ပေါင်းသုံးဆယ် အမှုတော်ဆောင်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ သို့သော် အာရှသို့ကျွန်ုပ်ပြောင်းလာခဲ့စဉ်အခါက ထိရောက်သော အမှုတော်ဆောင်ကောင်း တစ်ယောက်ဖြစ်ရန်

*စာမျက်နှာ(၂)သို့*

## မုဆိုးမတစ်ဦးအား ကူညီမစခြင်း

''အကျိတ်လုံးသည် ဂရိတ်ဖရုအရွယ်လောက်ရှိသည်'' ဟု ခွဲစိတ်ကုသမှုအပြီး ဆရာဝန်ကြီးမှ ပြောကြားခဲ့သည်။ ကျွန်ုပ်တို့ ဆေးကုသရေးအဖွဲ့သည် အံ့ဩမင်သက်ခဲ့ရပြီး၊ ဘုရားသခင်အားသက်သာပျောက်ကင်းစေခြင်းအမှုအတွက် ကျေးဇူးတော်ချီးမွမ်းခဲ့ကြသည်။ အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာပါပဲ။

ဘုရားသခင်သည်သစ္စာနှင့်ပြည့်စုံတော်မူသည်။ သူ၏ကတိတော်သည် ယုံကြည်စိတ်ချဖွယ်ရာကောင်းသည်။ ရိုးသားစွာဝန်ခံရမည်ဆိုလျှင် ကျွန်ုပ်တို့သည်အားနည်း၍၊ နေ့စဉ်ဘုရားနှင့် အတူလျှောက်လှမ်းသည့် အသက်တာ၌ ရှိသင့်ရှိထိုက်သည့်ယုံကြည်ခြင်းမရှိကြပါ။ မည်သူမျှကူညီနိုင်ခြင်းမရှိသော ကြီးမားသည့်အကျိတ်လုံးရှိသူ အဒူးဟုခေါ်သည့် အမျိုးသမီးကြီးအားကုသပေးရန် ကျွန်ုပ်၌ယုံကြည်ခြင်းမရှိခဲ့ပါ။ ကျွန်ုပ်၏နောက်ဆုံးသတင်းစာစောင်၌ ဖော်ပြခဲ့သည့်အတိုင်း လွန်ခဲ့သော(၄)နှစ်ခန့်က သူမ၏သွားဖုံးလွန်စွာနာကျင်၍ ထိုသွားကိုထုတ်ပစ်ရန်အတွက်ခရင်းဖြင့်ထိုးလိုက်ရာမှ အလွန်ကြီးသည့် အကျိတ်ဖြစ်လာခဲ့သည်။ သူမ၏ခင်ပွန်းဖြစ်သူသည် သွေးလွန်တုပ်ကွေးရောဂါဖြင့်



ကွယ်လွန်ခဲ့ပြီး၊ သူမသည် ဖခင်မဲ့ကလေး(၄)ယောက်အား ရှာဖွေကျွေးမွေးနေရသည်။ ကျွန်ုပ်တို့

*စာမျက်နှာ(၂)သို့*

### မြန်မာပြည်လုံးဆိုင်ရာ DNAခေါင်းဆောင်မှု အဖွဲ့ဝင်များ

- *မြန်မာပြည်ဆိုင်ရာညွှန်ကြားရေးမှူး – ဆရာဦးအောင်သက်ညွှန့်*
- *ရန်ကုန်တိုင်းညွှန်ကြားရေးမှူး – Dr. Pau Khan En*
- *မန္တလေးတိုင်းညွှန်ကြားရေးမှူး – Lal Thlamuana*

### မာတိကာ


| | |
|---|---|
| ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်း | ၁ |
| မုဆိုးမတစ်ဦးအား ကူညီမစခြင်း | ၁ |
| မျိုးစေ့စီမံကိန်းများ | ၂ |
| နီးလျက်နဲ့ဝေးနေသလား | ၃ |
| ဘုရားသခင်၏ သဏ္ဍာန်တော် | ၅ |

## မြန်မာပြည်အတွင်း မျိုးစေ့စီမံကိန်းများ

ကျွန်တော်တို့နေထိုင်သောမြို့လေး၏ တစ်ခုတည်းသောဈေးလေးဖြစ်သည့် အောင်သစ္စာအမည်ရှိသည့်ဈေးလေးအား ကျွန်တော်တို့




သန့်ရှင်းရေးလုပ်ခဲ့ကြသည်။ ပထမနှစ်ကျောင်းသား၊ ကျောင်းသူများလည်းဈေးလေးအတွင်း လုပ်ဆောင်မည့်ဤအစီအစဉ်တွင်ပါဝင်ခဲ့ကြသည်။ ထို့ကြောင့် ဤအစီအစဉ်ဆောင်ရွက်ခွင့်ရရန် အတွက်ဆုတောင်းခဲ့ကြသည်။ ဘုရားသခင်၏ကျေးဇူးတော်ပါပဲ။ ထိုဈေးလေး၏တာဝန်ခံမှာ ကလေးမြို့နယ်၊ အစိုးရအားကစားဝန်ထမ်းတစ်ဦးဖြစ်ပြီး၊ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်တို့ "Rising Stars" အင်္ဂလိပ်စာသင်တန်းမှသင်တန်းသားတစ်ဦး၏ဖခင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်တို့၏ အစီစဉ်နှင့်ပတ်သတ်၍ ကျွန်ုပ်တို့အား ဝမ်းမြောက်ပျော်ရွှင်စွာကြိုဆိုခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့၏ သင်တန်းသားများနှင့် အကွ ဈေးလေးသို့သွားခဲ့ကြသည်။ အုံ့ဩစရာကောင်းစွာ သူနှင့်သူ၏ရုံးဝန်ထမ်းတစ်ဦးလည်း ကျွန်ုပ်တို့အား လာရောက်ကူညီသန့်ရှင်းရေးလုပ်ပေးခဲ့သည်။ ထိုဈေးလေးသည် အမှန်စင်စစ်စွန့်ပစ်ပစ္စည်းများနှင့်ပြည့်နေသည့် အလွန်ညစ်ညမ်းသည့်

*စာမျက်နှာ (၄)သို့*

## ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်း *(စာမျက်နှာ ၁ မှ အဆက်)*

ကျွန်ုပ်လေ့လာသင်ယူရမည့်အရာများစွာရှိကြောင်း ကျွန်ုပ်လျင်မြန်စွာ သဘောပေါက်သိရှိခဲ့သည်။ ကျွန်ုပ်မည်သို့ပြုလုပ်ခဲ့သနည်း။ အာရှ၌ ကျွန်ုပ်ထက်ပို၍အတွေ့အကြုံများသော၊ တည်ငြိမ်ရင့်ကျက်သော ဘုရားသခင်၏လူများကိုရှာဖွေခဲ့ပြီး ထိုသူများထံမှ ရည်ရွယ်ချက်ရှိစွာလေ့လာသင်ယူခဲ့သည်။

အခြားသူများအားလည်း ကျွန်ုပ်တို့သွန်သင်လမ်းပြနိုင်ပါသည်။ ကျွန်ုပ်ထက်ငယ်သောသူဖြစ်စေ၊ ကြီးသောသူဖြစ်စေ၊ ၄င်းတို့နှင့်အတူထိုင်ပြီး နှစ်ပေါင်းများစွာကျွန်ုပ်လေ့လာသိရှိခဲ့သည့်အရာများအား ဝေငှပြောကြားရခြင်းထက်ပို၍ ကျွန်ုပ်အား ဝမ်းမြောက်စေသည့်အရာမရှိပါ။ တစ်စုံတစ်ဦးသည် အမှန်တကယ်လေ့လာသင်ယူလိုစိတ်ရှိကြောင်းသိရှိရပါက ထိုသူကြီးထွားရင့်သန်ခြင်းအား ကူညီရန်အတွက် နာရီပေါင်းများစွာထပ်လောင်းအချိန်ပေးရန် ကျွန်ုပ်စိတ်အားပြင်းပြထက်သန်သည်။ သင်သည် သခင်ဘုရား၌နုနယ်သောသူဖြစ်ပါစေ သင်တစ်စုံတစ်ခုအားသိရှိသည်ဆိုပါက သင်၌ အခြားတစ်ဦးအားပေးဝေနိုင်သည့်အရာ တစ်စုံတစ်ခုရှိနေပါသည်။

ကျွန်ုပ်တို့သည် အချင်းချင်းလည်းအပြန်အလှန်သွန်သင်လမ်းပြနိုင်ပါသေးသည်။ ဤအရာအားသက်တူရွယ်တူအဆင့်တူသင်ကြားခြင်းဟုခေါ်ပါသည်။ မကြာသေးမီက ဤအချက်အား ကျွန်ုပ်တွေးတောဆင်ခြင်သောအခါ ကျွန်ုပ်နှင့် အသက်အရွယ်တူ၊ အတွေ့အကြုံတူသည့်မိတ်ဆွေ၊ သူငယ်ချင်းများ၌ရှိသည့် အဖိုးတန်သည့်အရာအား ကျွန်ုပ်သိရှိခဲ့ရပါသည်။ ဤသို့သိရှိခြင်းဖြင့် ကျွန်ုပ်လုပ်ဆောင်ခဲ့သည့်အရာမှာ ရှောလမုန်မင်းကြီး၏ သွန်သင်ချက်ဖြစ်သည့် 'သံကိုသံဖြင့်ထက်စေသကဲ့သို့၊ လူသည်အဆွေခင်ပွန်း၏မျက်နှာကို ထက်စေတတ်၏။(သု ၂၇း၁၇)' ဟူသည့်ရည်ရွယ်ချက်ဖြင့် အပတ်စဉ် (သို့) တစ်လလျှင်တစ်ခါ မိတ်ဆွေသူငယ်ချင်းများနှင့် ရည်ရွယ်ချက်ရှိစွာတွေ့ဆုံလေ့ရှိသည်။ ကျွန်ုပ်ချမှတ်ရမည့်ခေါင်းဆောင်မှုဆိုင်ရာဆုံးဖြတ်ချက်များ၊ ကျွန်ုပ်ပြုစုပျိုးထောင်လျက်ရှိသော ဖြစ်စဉ်များနှင့်ပတ်သတ်သည့် အစီစဉ်များ(သို့) ကိုယ်ရေးကိုယ်တာကိစ္စရပ်များအတွက် ၄င်းတို့ထံမှ အကြံဉာဏ်များ၊ ဉာဏ်ပညာများရယူရန် ရည်ရွယ်ချက်ဖြင့် ဆွေးနွေးလေ့ရှိသည်။

သင့်အား ကျွန်ုပ်တိုက်တွန်းအကြံပေးလိုပါသည်။ ဘုရားဝတ်၌မွေ့လျော်သည့်အသက်တာအား ဆက်လက်ထိန်းသိမ်းခြင်း၊ ကောင်းမွန်သောစာအုပ်စာပေဖတ်ရှုခြင်း၊ ဆရာကောင်းများထံမှ လေ့လာသင်ယူခြင်း၊ ဘုရားသခင်၏မေတ္တာအား လက်တွေ့ကျသော နည်းလမ်းများဖြင့် သင့်ဝန်းကျင်အသိုင်းဝိုင်း၌ဖော်ဆောင်ခြင်းအား တစိုက်မတ်မတ်လုပ်ဆောင်ခြင်းစသည့် သင့်ကိုယ်တိုင်ဘက်စုံဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်သည့်အရာများအားဆက်လက်ပြုလုပ်ပါ။ ထိုသို့ပြုလုပ်ခြင်းမရှိသေးပါက သင့်ထက်ပိုမိုအတွေ့အကြုံရှိသော သင့်အားသင်ကြားပေးနိုင်သူများ၊ သင်ပြန်လည်သွန်သင်လမ်းပြနိုင်သော သင့်လောက်အတွေ့အကြုံမရှိသူများနှင့် အချင်းချင်းပြန်လည်သင်ကြားပေးနိုင်သည့် အပေါင်းအဖော်မိတ်ဆွေများအားရှာဖွေပါ။

## အသစ်သောရုပ်ပါရုံ *(စာမျက်နှာ ၁ မှ အဆက်)*

မကူညီပါက သူအသက်ဆုံးရှုံးရတော့မည်ဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများတို့အားဖြင့် ဤအမျိုးသမီးအတွက် အလှူငွေကောက်ခံရန်လမ်းဖွင့်ပေးခဲ့သည်။ ထို့ကြောင့်အဒူးအား ကျွန်ုပ်တို့ဆေးကုသရေးအဖွဲ့မှ သတင်းကောင်းပြောခဲ့သည်။ သူမ၏သားသမီးလေးဦး လုံလောက်စွာစားသုံးနိုင်ရန်အတွက် သူမသည်အလုပ်ကြိုးစားလုပ်ခဲ့ပြီး၊ သူမမေးရိုးရှိအကျိတ်အား ခွဲစိတ်ကုသရန်ဆုံးဖြတ်ခဲ့သည်။ ခွဲစိတ်ကုသရန်အတွက်သူမသည် (၁၂)မိုင်ခန့်ဝေးသည့်ခရီးကို လမ်းလျှောက်ခဲ့ရပြီး၊ လေယာဉ်လက်မှတ်ရရန် (၃)ရက်မျှစောင့်ဆိုင်းခဲ့ရသည်။ ဘုရားသခင်ကျေးဇူးတော်ပါပဲ။ ပုံမှန်အားဖြင့် တစ်ပတ်လျှင် လေယာဉ်နှစ်ခါသာပျံသန်းပြီး၊ အစဉ်အမြဲခရီးသည်များရှိနေတတ်သောကြောင့် တစ်ခါတစ်ရံလေယာဉ်လက်မှတ်ရရန်ရက်ပေါင်း (၃၀)ခန့် စောင့်ဆိုင်းရတတ်သည်။

မြစ်ကြီးနားရှိကျွန်ုပ်တို့နှင့်တွဲဘက်လုပ်ကိုင်သူအချို့သည် သူမအားလာရောက်ကြိုဆိုပြီး၊ မြို့နယ်ဆေးရုံကြီးသို့တိုက်ရိုက်ခေါ်ဆောင်သွား



ခဲ့သည်။ သူမအားလိုအပ်သည်များစမ်းသပ်စစ်ဆေးပြီး၊ သူမအားခွဲစိတ်ကုသရန် ဆရာဝန်ကြီးများ အကြီးအကျယ်ဆွေးနွေးခဲ့ကြသည်။ နောက်ဆုံး၌ သူမ၏ခွဲစိတ်မှုကိုကြီးကြပ်ဦးဆောင်ရန် သွားဆရာဝန်ကြီးမှတာဝန်ယူဆောင်ရွက်ခဲ့သည်။ သူမအားမေ့ဆေးပေးရန်အတွက် အောက်ဆီဂျင်ပိုက်သွင်းခဲ့သော်လည်း အဆင်မပြေခဲ့ပေ။ ထို့ကြောင့် သွားဆရာဝန်ကြီးသည် ထုံဆေးဖြင့် သူမ၏ပါးစပ်အတွင်းပိုင်းမှခွဲစိတ်ကုသရန် ဆုံးဖြတ်ခဲ့သည်။ သွားငါးချောင်းနှုတ်ခဲ့ရပြီး၊ အကျိတ်လုံးကြီးအားအောင်မြင်စွာခွဲထုတ်နိုင်ခဲ့သည်။ ထိုအကျိတ်လုံးအား စမ်းသပ်ခန်းသို့ယူဆောင်သွားရာ ဂရိတ်ဖရုအရွယ်ခန့်ရှိသည်ဟုပြောကြသည်။ ဆေးရုံ၌ ၁၀ရက်ခန့်နေထိုင်ပြီးနောက် ဆေးရုံမှဆင်းခဲ့သည်။

သူမပြန်လည်ရောက်ရှိလာသည်ကို ပူတာအိုရှိ ကျွန်ုပ်တို့ဆေးကုသရေးအဖွဲ့မှကြိုဆိုခဲ့ကြသည်။

# နီးလျက်နဲ့ ဝေးနေသလား.......

၂၀၁၀နှစ်အတွက် စကားလက်ဆောင်တစ်ခုပါးပါရစေလား။ မောရှေဟာ ထာဝရဘုရား၏ကတိတော် "နို့နှင့် ပျားရည်စီးရာခါနန်ပြည်" ရောက်ဘို့လက်တကမ်းသာအလိုမှာ စခန်းသိမ်းရရှာပါတယ်။ ဆိုလိုတာက လိုရာပန်းတိုင်ဆွတ်ခူးလျက် မိမိဘဝကိုအောင်မြင်ခြင်းနှင့် အဆုံးသတ်နိုင်ရေးဟာ လွန်စွာအရေးကြီးတာမို့ ယခုနှစ် (၂၀၁၀ခုနှစ်)ကို မည်သို့အစပြုပြီး အဆုံးသတ်ဖို့ပြင်ဆင်နေပြီလဲ။

နာမည်ကျော်ကမ္ဘာ့ခေါင်းဆောင်များကအစ ကမ္ဘာ့လူထုကြီးဟာအစကောင်းသော်လည်းအဆုံးမလှသူများ၊ အစမကောင်းခဲ့ပေမယ့်အဆုံးသတ်ကောင်းသူ၊ အစလည်းကောင်းအဆုံးလည်းလှဟူ၍အမျိုးမျိုးရှိပါတယ်။

ဥပမာတစ်ခုအနေနှင့် ရုရှားနိုင်ငံရဲ့ခေါင်းဆောင်တစ်ဦး ဒါဝင်(Darwin) ဆိုသူရယ်၊ အမေရိကန်သမ္မတအာဗြဟံလင်ကွန်း (Abraham Lincoln)ဆိုသူနှစ်ဦးရှိခဲ့ပါတယ်။ ထိုသူနှစ်ဦးရဲ့ဘဝခရီးအစပြုပုံနှင့်အဆုံးသတ်ပုံကိုကြည့်မယ်ဆိုရင် သူတို့ဟာ (၁၂–၀၂–၁၈၀၉)တစ်ရက်တည်းမွေး၊ ဘဝခရီးအစပြုသူဖြစ်ကြတယ်။ သို့သော်အစပြုပုံမတူသလိုအဆုံးသတ်ပြုပုံလည်းခြားနားခဲ့ကြောင်းတွေ့ရတယ်။ ဒါဝင်ကတော့ လူကုံထံမိဘများရဲ့စီမံချက်အတိုင်း လိုရာပညာမှအစ ဘဝတည်ဆောက်မှုကိုစိတ်တိုင်းကျဖြစ်အောင်ကြိုးစားရင်းကြီးပြင်းလာသူအမှန်ပါပဲ။ အာဗြဟံလင်ကွန်းမှာတော့ စီးပွားရေးအကြပ်အတည်းကြောင့် တစ်နှစ်တာမျှပညာသင်ချိန်ရနိုင်ပြီး ဘဝရပ်တည်မှုအတွက် အနိုင်နိုင်ရုန်းကန်လာခဲ့သူတစ်ဦးပါ။

သို့သော် သူတို့ရဲ့ဘဝအဆုံးသတ်ပုံကိုပြန်လည်သုံးသပ်တဲ့အခါ တစ်ဦးကလိုလေသေးမရှိအောင်အကောင်းဆုံးစီမံခြင်းနှင့် အစပြုနေ–စဉ်မှာ ကျန်တစ်ဦးကတော့ပညာဆိုလို့လိုလောက်လောက်မရ၊ သမ္မာကျမ်းစာဖတ်ခြင်းနှင့်(နေ့စဉ်)ခွန်အားယူခဲ့သူသာလျှင်ဖြစ်တယ်။ အာဗြဟံလင်ကွန်းရဲ့ အဆုံးသတ်မှုမှာလူအမြောက်အများအားအကျိုးပြုနိုင်သူအဖြစ်ကမ္ဘာသိထင်ပေါ်ကျော်ကြားခဲ့တယ်မဟုတ်လား။ မှန်သောအရာအပေါ်တန်ဖိုးထားတတ်မှုရဲ့အကျိုးရလဒ်ပါပဲ။

သမ္မာကျမ်းစာကလည်း "လူသည်မိမိစိုက်ပျိုးတဲ့အတိုင်းရိတ်သိမ်းရတယ်"လို့ဆိုခဲ့တယ်လေ။ (ဂ ၆း၇)

ဒါနဲ့နာမည်ကျော်ခေါင်းဆောင်တစ်ဦးက အောက်ပါအတိုင်းစပ်ဆိုခဲ့တယ်။

Sow a thought - Reap an act,

Sow an act - Reap a habit,

Sow a habit - Reap a character,

Sow a character - Reap a destiny.

ဆိုလိုတာက အကြံနှင့်အစပြုလျှက်လက်တွေ့လုပ်ဆောင်ခြင်းမှ အလေ့အကျင့်၊ ယင်းအလေ့အကျင့်မှသည် စရိုက်၊ ၄င်းစရိုက်မှပန်းတိုင်သို့တဆင့်ပြီးတဆင့်လှမ်းရမယ်ဆိုတဲ့သဘောပေါ့လေ။

သမ္မာကျမ်းစာလာ ပုဂ္ဂိုလ်ကြီးနှစ်ဦးကို နောက်ထပ်နမူနာပြပါဦးမယ်။ ဓမ္မဟောင်းကျမ်းမှရှောလုမင်းကြီးနှင့် ဓမ္မသစ်ကျမ်းမှရှောလု(ခေါ်)ပေါလုတို့နှစ်ဦး၊ ရှောလုမင်းကြီးဟာအစေကောင်းပေမယ့်အဆုံးညံ့ခဲ့သူဖြစ်ပြီး၊ ပေါလုမှာအစမလှခဲ့သော်လည်း အဆုံးမှာတော့အလွန်ကြည်ညိုလေးစားဖွယ်ရာ လူမျိုးတကာတို့ရဲ့ကျေးဇူးရှင်တမာန်တော်ကြီးအဖြစ်ဖြင့်အဆုံးသတ်ခဲ့သူပါ။ ရှောလုမင်းကြီးဟာရုပ်ရည်အားဖြင့်လည်းလှ၊ အရပ်အမောင်းအားဖြင့်လည်းတင့်တယ်ခန့်ညားတဲ့သူ၊ မိမိလူမျိုးအားအုပ်ချုပ်စေဖို့ဘုရားကြိုက်နှစ်သက်စွာဖြင့်ရွေးခဲ့တဲ့ခေါင်းဆောင်တစ်ဦးပါ။ သို့သော်သူ့ရဲ့အဆုံးသတ်ပုံကတော့ဖြင့် ဝမ်းနည်းဖွယ်ရာဇာတ်သိမ်းခြင်းမျိုးပါပဲ။ ရှင်ပေါလုကတော့အစမှာဆိုရင်လူမျိုးကြီးစိတ်အရင်းခံလျက်ယုံကြည်သူ(ခရစ်ယာန်)များကို နှိပ်ကွပ်လုပ်ကြံခြင်းနှင့်နာမည်ကြီးခဲ့သူဖြစ်ငြားသော်လည်းမှန်သောပြောင်းလဲမှုကြောင့် သူဟာ အဆုံးတိုင်အောင်သစ္စာစောင့်ပြီး၊ အများအကျိုးအတွက်မိမိကိုယ်ကိုအပ်နှံအဆုံးသတ်ခဲ့တာအားကျစရာကြီးပေါ့။

ထိုသို့အဆုံးသတ်ကောင်းစေဖို့ အခြေခံကျတဲ့လိုအပ်ချက်တစ်ခုမှာ ခံယူချက်လွဲမှားခြင်းမှမှန်သောပြောင်းလဲမှုရှိဖို့ပါပဲ။ ရှမာရိပုံဥပမာ(လု ၁၀း၂၅–၃၇)မှာ လူ(၃)မျိုး၊ ခံယူချက်(၃)မျိုးတွေ့ရတယ်။ ပထမအမျိုးအစားကတော့ ဓါးပြအမျိုး "မင်းဥစ္စာငါ့ပေး" ဆိုတတ်သူ၊ ဒုတိယလူအမျိုးအစားကဘာသာရေးသမား "ငါ့ဟာနှင့်ငါနေမယ်၊ မနှောင့်ယှက်နှင့်"ဆိုတတ်သူ၊ တတိယအမျိုးအစားကတော့ပထမအမျိုးအစားနှင့် ဆန့်ကျင်ဘက်ပါ။ ကိုယ်ကျိုးစွန့်၍ အများအကျိုးဆောင်တဲ့အမျိုးအစားပါပဲ။ "ငါ့ဥစ္စာရှိသမျှဟာမင်းအတွက်ပါ"ဆိုတတ်သူတွေပေါ့။ ပထမလူအမျိုးအစားတွေကလူတွေကိုမိမိကိုယ်ကျိုးအတွက်အမြတ်ထုတ်ရမည့်သားကောင်ကဲ့သို့မြင်တတ်တယ်လေ။ ဒုတိယအမျိုးအစားကတော့ "ဘယ်သူသေသေ ငတေမာပြီးရော"ဆိုပြီး အများအတွက်ဒုက္ခခံဖို့၊ အနစ်နာခံဖို့လုံးဝစိတ်မကူးတတ်သူတွေပါပဲ။ တတိယလူစားမျိုးတွေကတော့ "အများအကျိုးဆောင်ကိုယ့်ရည်မှန်းချက်အောင်"ဆိုတတ်တဲ့သူတွေပေါ့။ လူတွေကိုအမြတ်ထုတ်ဖို့နေနေသာသာ ဒုက္ခိတအားဥပက္ခာပြုခြင်းနှင့်ကင်းဝေးလျက်၊ ဘာဆိုဘာမျှကျေးဇူးဆပ်ဖို့လုံးဝမမျှော်ကိုး၊ အခမဲ့ကူညီခြင်း၌ဝမ်းမြောက်တတ်သူတွေပါ။ John C. Maxwell က "လူဟာ မိမိဖြစ်တဲ့အတိုင်းမြင်တတ်တယ်"ဆိုခဲ့သည့်အတိုင်း သုတ္တံကျမ်းကလည်း "လူသည်စိတ်ထင်တဲ့အတိုင်း ဖြစ်၏" တဲ့ (သု ၂၃း၇)။

နာမည်ကျော်
ကမ္ဘာ့ခေါင်းဆောင်များကအစ
ကမ္ဘာ့လူထုကြီးဟာ

အစကောင်း သော်လည်း
အဆုံးမလှသူများ၊

အစမကောင်း
ခဲ့ပေမယ့်အဆုံးသတ်ကောင်းသူ၊

အစလည်း ကောင်းအဆုံးလည်းလှ
ဟူ၍အမျိုးမျိုးရှိပါတယ်။

ထိုအမြင်မျိုးနှင့် ကိုယ်စိုက်တဲ့အခါစိုက်တဲ့အတိုင်းထိုက်တန်တဲ့အသီးရိတ်သိမ်းရမှာဖြစ်တဲ့အလျောက် နှစ်သစ် (၂၀၁၀)ကို ကောင်းစွာ အစပြုနိုင်ဖို့နှစ်ဟောင်း(၂၀၀၉)ကို ကောင်းကောင်းကြီးအဆုံးသတ်နိုင်ပါစေ။ သို့ဖြင့် လာလတ့ံသောနေ့ရက်များကိုလည်းအကောင်းဆုံးအဆုံးသတ်နိုင်ကြပါစေ သင့်ပန်းတိုင်ဟာ "နီးလျက်နှင့်ဝေးနေပါသလား"။

ဦးမွာနာ

Disciple Nations Alliance

အမှတ်(၂၁၉)၊ အောင်သုခလမ်း၊
(၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့

ဖုန်း – ၆၆၃၀၉၁
E-mail:
DNA.Myanmar@gmail.com



အချိန်မှာ နေ့လည်၁နာရီခွဲရှိပြီဖြစ်သောကြောင့် ပူတာအိုရှိဆေးခန်းမှာပင်တစ်ညအိပ်ရန်ပြောဆိုခဲ့သော်လည်း ရွာသားများအား သတင်းကောင်းကိုပြန်လည်ပြောကြားလိုခြင်းနှင့် သူမ၏သားသမီးလေးယောက်အားပြန်လည်တွေ့ဆုံလိုခြင်းတို့ကြောင့် အိမ်ပြန်ရန်သာစိတ်ထက်သန်ခဲ့သည်။ ထို့ကြောင့် ၁၄မိုင်ခန့်ဝေးသည့် သူမ၏ရွာသို့ လမ်းလျှောက်ပြန်ခဲ့သည်။ သူမအိမ်သို့ ည ၇နာရီခန့်ပြန်ရောက်ခဲ့သည်။ သူမ၏ဝမ်းမြောက်ခြင်းနှင့် သူမအား သက်သာပျောက်ကင်းစေမှုအတွက် ရွာသားတို့၏အံ့သြဝမ်းမြောက်မှုတို့မှာဖော်ပြနိုင်စွမ်းပင်မရှိတော့ပါ။ အကယ်စင်စစ်သင်တို့အားလုံး၌ ခရစ်တော်၏ဝိညာဉ်တော်ရှိခြင်းနှင့် သူမအား ဂရုဏာထားခြင်းတို့ကြောင့် ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်သည်သူမအားကုသပျောက်ကင်းပေးခဲ့ခြင်း ဖြစ်သည်။

အလှူငွေထည့်ဝင်ရန်အတွက် ပေးထားသောဆက်သွယ်ရန်လိပ်စာအတိုင်း DNAရုံးခန်းသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# ကမ္ဘာကြီးပြောင်းလဲစေရန်အသင်းတော်အား ပြည့်တင်းတန်ဆာဆင်ခြင်း

## မျိုးစေ့စီမံကိန်းများ *(စာမျက်နှာ ၂ မှ အဆက်)*

နေရာတစ်ခုဖြစ်သည်။ ထိုဒေသရှိလူများသည် ဈေးလေးအနီးအမှိုက်များစွန့်ပစ်လေ့ရှိကြပြီး၊ ထိုနေရာသည်တရားဝင်အမှိုက်ပုံတစ်ခုကဲ့သို့ ဖြစ်လာခဲ့သည်။ သန့်ရှင်းရေးလုပ်ပြီးသောအခါ အမှိုက်များအားကျွန်တော်တို့ မီးရှို့ကြသည်။ လူအချို့တို့သည် ကျွန်တော်တို့အားလာရောက်စကားပြောကြပြီး၊ အချို့က "ခင်ဗျားတို့ဘာကြောင့်လုပ်နေကြရတာလဲ"ဟူ၍ပင်မေးမြန်းခဲ့ကြသည်။ ကျွန်တော်လည်းရိုးရှင်းစွာပင် "ဒီဈေးလေးက ကျွန်တော်တို့ရဲ့ဈေးလေးမဟုတ်လား။

Cleaning in front of the market



ဒီဈေးကနေပဲကျွန်တော်တို့ အမြဲဈေးဝယ်ကြတယ်။ ပြီးတော့ အခုအချိန်က ခရစ်စမတ်အချိန်အခါဖြစ်တယ်။ ကျွန်တော်တို့ရဲ့ဈေးလေးကို ဒီခရစ်စမတ်မှာကောင်းချီးပေးချင်လို့ပါ"ဟု ဖြေကြားပေးခဲ့သည်။ ကျွန်တော်တို့အား အားရဝမ်းသာသည့်အပြုံးဖြင့် သူတို့တုန့်ပြန်ခဲ့ကြသည်။ နောက်ထပ်အံ့သြစရာကောင်းသည့်အချက်မှာ ကျွန်တော်တို့မြို့နယ်၏ အာဏာပိုင်ခေါင်းဆောင်သည်လည်းကျွန်တော်တို့အားလာရောက်ကူညီပေးခဲ့သည်။ ထိုပုဂ္ဂိုလ်သည် ဝမ်းမြောက်လွန်းသောကြောင့် ကျွန်ုပ်တို့အားလိုသည့်အကူအညီကိုအချိန်မရွေးသူ့ထံတောင်းခံနိုင်ကြောင်းပြောခဲ့သည်။ ဤဈေးလေးအားသန့်ရှင်းရေးလုပ်ခြင်းသည် အချိန်(၄)နာရီမျှကြာမြင့်ခဲ့ကြောင်းပြောလျှင် သင်–တို့ယုံကြည်နိုင်ပါ့မလား။ ဖော်ပြထားသည့်ပုံများအားကြည့်ပါ။ ထိုဈေးလေးမည်မျှ



ညစ်ညမ်းခဲ့ကြောင်းနှင့် သန့်ရှင်းရေးလုပ်ပြီးသည့်နောက် မည်မျှရှင်းလင်းသန့်စင်သွားကြောင်း သင်တွေ့မြင်နိုင်ပါသည်။ ဘုရားသခင်၏နာမတော်ဘုန်းကြီးပါစေ။ ရှင်းလင်းသန့်ရှင်းရေးလုပ်ပြီးသည့်နောက် ကျွန်တော်တို့အစာအဟာရများဝယ်ယူစားသုံးကြပြီး၊ မိဿဟာရကောင်းကောင်းရရှိခဲ့ကြသည်။

ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ သင့်ဝန်းကျင်၌သခင်ယေရှုခရစ်၏ချစ်ခြင်းမေတ္တာအား ပိုမိုထိရောက်စွာ ပြောကြားသက်သေခံရာ၌ ဤDNAသတင်းစဉ်သည် သင့်အတွက်ပံ့ပိုးကူညီပေးနိုင်ရန်ဖြစ်သည်။ ဤသို့လုပ်ဆောင်ရာ၌ အခြားသောနည်းလမ်းတစ်ခုမှာ ကျွန်ုပ်တို့၏ ဘက်စုံဖွံ့ဖြိုးရေးအမှုတော်လုပ်ငန်းနှင့် လောကအမြင်စာအုပ်များမှ သင်ခန်းစာအသစ်များအား ဘုရားသခင်လမ်းပြသည့်အတိုင်း သင်လွတ်လပ်စွာအသုံးပြုနိုင်ရန်အတွက် လစဉ်ထည့်သွင်းပေးခြင်းဖြစ်သည်။ ယခုလတွင် အခြေခံများစာအုပ်(၂)မှ ပထမဆုံးသင်ခန်းစာအား ထည့်သွင်းပေးထားပါသည်။ နောက်လမည့်လတွင် ဒုတိယသင်ခန်းစာစသည်ဖြင့် သင်ခန်းစာအားလုံးပြီးသည့်အထိ ထည့်သွင်းသွားမည်ဖြစ်သည်။ သင်ခန်းစာများအား မူရင်းပုံစံအတိုင်းလိုချင်သောဆန္ဒရှိပါက သင့်ထံပေးပို့ပေးပါမည်။ သင့် emailလိပ်စာအား မူရင်းပုံစံအတိုင်းလစဉ်လိုချင်ကြောင်းတောင်းခံစာနှင့်အတူ dna.myanmar@gmail.comသို့ emailပေးပို့ပါ။ ဤသတင်းစဉ်အားဖြင့် အကျိုးကျေးဇူးရရှိနိုင်သည့် သင်သိသော သင်းအုပ်များ၊ ဥပုဒ်စာသင်ကျောင်းဆရာ/ဆရာမများ၊ လူငယ်အမှုဆောင်များနှင့် အခြားအသင်းဝင်များရှိပါက ၎င်းတို့၏လိပ်စာ (သို့) emailလိပ်စာ စသည်ဖြင့် ၎င်းတို့ထံပေးပို့နိုင်သည့်လိပ်စာများအားပေးပို့နိုင်ပါသည်။ သင်နှင့်စပ်ဆိုင်သူများအား တစ်နေ့ထက်တစ်နေ့ချစ်ခြင်းဖြင့် သင့်ကိုယ်သင် ဘုရားသခင်နှင့် ရင်းနှီးအကျွမ်းဝေစေရာတွင် ဘုရားသခင်သင့်အား ကောင်းချီးပေးပါစေ။

## ဘုရားသခင်၏ သဏ္ဌာန်တော်

**အကျိုးကျေးဇူးများ** – ဤသင်ခန်းစာ၌ တပည့်တော်များလုပ်ဆောင်သင့်သောအရာများမှာ

‘ဘုရားသခင်၏ သဏ္ဍာန်တော်’ဟူသည့် အဓိပ္ပါယ်အား သိရှိလာစေရန်။

သခင်ခရစ်တော်သည် ဘုရားသခင်၏သဏ္ဍာန်တော်ဖြစ်ကြောင်း နားလည်သဘောပေါက်လာစေရန်။

လူသားအား ဘုရား၏သဏ္ဍာန်တော်နှင့်အညီဖန်ဆင်းထားကြောင်း သိမြင်လာစေရန်။

အပြစ်တရားသည် ကျွန်ုပ်တို့အထဲရှိဘုရားသဏ္ဍာန်တော်အား ပျက်စီးစေကြောင်းနားလည်သဘောပေါက်ရန်။

ခရစ်တော်၌အသစ်သောအသက်တာသည် ကျွန်ုပ်တို့အထဲရှိဘုရားသဏ္ဍာန်တော်အား ပြန်လည်ရရှိစေကြောင်း သဘောပေါက်စေရန်။

**အဖွင့်ဆုတောင်း** – သင်ခန်းစာစတင်ရန် တပည့်တော်တစ်ဦးဦးအား ဆုတောင်းခိုင်းပါ။

## နိဒါန်း

**ဦးဆောင်လေ့ကျင့်ခန်း**

အသံတိတ်တစ်ခန်းရပ်ပြဇာတ် – ‘ဘုရားသဏ္ဍာန်နှင့်အညီဖန်ဆင်းထားခြင်း’

ပါဝင်သူများ (လူ၆ဦး) – ‘‘ဘုရားသခင်’’၊ အာဒံ၊ ဧဝ၊ သစ်ပင်၊ ငှက်၊ တိရိစ္ဆာန်။

(မှတ်ချက် – ပါဝင်မည့်သူသုံးဦးတည်းသာရှိပါက ‘‘ဘုရားသခင်’’၊ အာဒံနှင့် ဧဝအဖြစ် သရုပ်ဆောင်စေပါ။ ‘‘သရုပ်ဖော်ခြင်း – သရုပ်ဆောင်(၃)ဦး’’ကို ကြည့်ပါ။)

တေးဂီတ (စိတ်ကြိုက်ရွေးချယ်ရန်) – တူရိယာသာတီးခတ်ထားသောသီချင်း (သို့) ဖန်ဆင်းခြင်းအကြောင်း သီကုံးထားသော တေးဂီတ။

တင်ဆက်မှု – ‘‘ဘုရားသခင်’’အဖြစ်သရုပ်ဆောင်သူသည် လူပရိတ်သတ်ဖက်သို့ မျက်နှာမူထားသည်။ အခြားသရုပ်ဆောင်သူများသည် ပရိတ်သတ်အားကျောပေး၍ ဘုရားသခင်ဖက်သို့ မျက်နှာမူ၊ ဒူးထောက်ထားသည်။

သရုပ်ဖော်ခြင်း––သရုပ်ဆောင်(၆)ဦး

၁။ ‘ဘုရားသခင်’အဖြစ် သရုပ်ဆောင်သူသည် စကြာဝဠာကြီးအားဖန်ဆင်းနေပုံကို လက်လှုပ်ရှားမှုအမူအရာဖြင့်ပြပါ။ ဘုရားသခင်သည် အာကာသထဲရှိကြယ်များကို ဖန်ဆင်းသည်။ သရုပ်ဆောင်လှုပ်ရှားမှုတစ်ခုစီတိုင်းသည် ဖြေးညှင်း၍ ထင်ရှားထူးခြားရမည်။ ‘‘ဘုရားသခင်’’သည် စကြာဝဠာကြီးအား ကြည့်ရှု၍ ပြုံးနေပါသည်။

၂။ ‘ဘုရားသခင်’အဖြစ်သရုပ်ဆောင်သူသည် ပထမသရုပ်ဆောင်တစ်ဦးအား တို့ထိလိုက်ပါသည်။ ထိုသူသည် မတ်တပ်ရပ်၍လုံးဝငြိမ်သက်လျက် သစ်ပင်သဏ္ဍာန်သရုပ်ပြရပ်နေပါ။ ဘုရားသခင်သည် ဝမ်းမြောက်ပျော်ရွှင်ကြောင်း ဖော်ပြသည်။

၃။ ဘုရားသခင်သည် ဒုတိယသရုပ်ဆောင်အားတို့ထိလိုက်ပါသည်။ ထိုသူသည် ငှက်တစ်ကောင်ကဲ့သို့ စက္ကန့်အနည်းငယ်ကြာ ပျံသန်းပြပြီးနောက်ရပ်၍ ငှက်တစ်ကောင်၏အနေထားအတိုင်းနေပါသည်။ ‘ဘုရားသခင်’သည် ထိုအရာအား ကျေနပ်နှစ်သိမ့်တော်မူသည်။

၄။ ဘုရားသခင်သည် တတိယမြောက်သရုပ်ဆောင်သူအား တို့ထိလိုက်ပါသည်။ ထိုသူသည် တိရိစ္ဆာန်တစ်ကောင်၏ ပုံစံအတိုင်း အနည်းငယ်သရုပ်ပြလုပ်ဆောင်ပြီး ရပ်၍ ထိုတိရိစ္ဆာန်၏ပုံစံအတိုင်း သရုပ်ဖော်ပြနေပါသည်။ ‘ဘုရားသခင်’သည် ထိုအရာအား နှစ်သက်တော်မူသည်။

၅။ ဘုရားသခင်သည် ‘အာဒံ’နှင့် ‘ဧဝ’အဖြစ်သရုပ်ဆောင်မည့် နောက်ဆုံးကျန်သည့်သူနှစ်ဦးအား တို့ထိလိုက်သည်။ အာဒံနှင့် ဧဝသည် အတူတကွရှိနေခြင်းအား နှစ်သက်ကြောင်း စက္ကန့်အနည်းငယ်ခန့်ပြပြီး ငြိမ်သက်စွာရပ်နေသည်။

၆။ ဘုရားသခင်သည် အလယ်သို့ရွှေ့၍ သူဖန်ဆင်းထားသည့်ဖန်ဆင်းခြင်းလက်ရာများနောက်၌ရပ်ပြီး၊ ထိုအရာများအား ကျေနပ်နှစ်သိမ့် မှုဖြင့် ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။ ပါဝင်သရုပ်ဆောင်သူအားလုံး ဦးညွှတ်၍ ထွက်သွားကြပါ။

သရုပ်ဖော်ခြင်း––သရုပ်ဆောင်(၃)ဦး

'ဘုရားသခင်'သည် အဆင့် ၂၊ ၃ နှင့် ၄ တို့အား သရုပ်ဆောင်မည့်အခြားသူမပါပဲ သရုပ်ဖော်သွားသည်။ သစ်ပင်တစ်ပင်အား ပုံသွင်းခြင်း၊ ငှက်တစ်ကောင်အဝေးသို့ပျံသန်းသွားသည့်ပုံကို လက်ဖြင့်သရုပ်ပြလုပ်ဆောင်ခြင်း၊ ခွေးတစ်ကောင်အားလက်ဖြင့်သပ်ပေးခြင်းစသည့်ပုံများပြုလုပ်၍ သစ်ပင်များ၊ ငှက်များနှင့် တိရိစ္ဆာန်များဖန်ဆင်းသည့်ဟန် ပြုလုပ်ပါ။ 'အာဒံ'နှင့် 'ဧဝ'သည် အဆင့်၅နှင့် ၆တွင်ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်ပါ။

## လေ့လာရှာဖွေရန် အကြံပြုမေးခွန်းများ

လေ့ကျင့်ခန်းအား တပည့်တော်များစူးစမ်းလေ့လာခြင်း၌အထောက်အကူဖြစ်စေရန် မေးခွန်းများမေးပါ။

– ပြဇာတ်တို့၌ မည်သည့်အရာကို သင်တွေ့ရှိရသနည်း။
– ဖန်ဆင်းခြင်းနှင့်ပတ်သတ်သည့် ဘုရားသခင်၏ဖော်ပြချက်များကား အဘယ်နည်း။
– လူကိုဖန်ဆင်းရာတွင် ကွဲပြားခြားနားမှုတစ်စုံတစ်ရာရှိပါသလား။
– ဤအရာသည် ဘုရားသခင်နှင့်ပတ်သတ်သည့် မည်သည့်အရာအား ကျွန်ုပ်တို့ကို ပြောကြားနေသနည်း။ ကျွန်ုပ်တို့နှင့်ပတ်သတ်၍လည်း မည်သည့်အရာကို ပြောကြားနေသနည်း။ အခြားဖန်ဆင်းမှုများနှင့်ပတ်သတ်၍လည်း မည်သို့ပြောဆိုနေသနည်း။

## ပေါင်းကူးဆက်သွယ်ပေးခြင်း

နိဒါန်းမှ လေ့လာသင်ယူခြင်းသို့ ဦးဆောင်ခေါ်ဆိုသွားရန် အဆိုပြုချက်တစ်ခုပြုလုပ်ပါ။ အခြေခံများ စာအုပ်(၁)တွင် အံ့သြဖွယ်ကောင်းသောအရာများစွာကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိ၊ လက်တွေ့လိုက်လျောက်ခဲ့ပြီးဖြစ်သည်။ သခင်ယေရှုသည် ရှင်ဘုရင်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့သည် နိုင်ငံတော်သားများဖြစ်ကြောင်း လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။ ဘုရားသခင်ကိုချစ်ခြင်း၊ အခြားသောတပည့်တော်များကိုချစ်ခြင်း၊ ကျွန်ုပ်တို့နှင့်စပ်ဆိုင်သောသူများကို ချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ရှင်ဘုရင်စကားကို နာခံလိုက်လျောက်ခဲ့ကြသည်။ အခြေခံများစာအုပ်(၂)တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြောင်းကို ပိုမိုလေ့လာမည်ဖြစ်သည်။ သင်ခန်းစာများအား နေ့စဉ်အသက်တာနှင့် လုပ်ဆောင်မှုများတွင် လက်တွေ့လိုက်လျောက်ကျင့်သုံးခြင်းအားဖြင့် ကျွန်ုပ်တို့အား ဘုရားသဏ္ဍာန်နှင့်အညီဖန်ဆင်းထားခြင်းအဓိပ္ပါယ်အား တွေ့မြင်ရပါမည်။ အခြေခံများစာအုပ်(၂) တွင်ပါရှိသည့် အရာအားလုံး၏ အခြေခံအကြောင်းအရာဖြစ်သော 'ဘုရားသခင်၏သဏ္ဍာန်တော်'ဟူသော ခေါင်းစဉ်ဖြင့် ယခုပင် အစပြုထားပါသည်။

# လေ့လာသင်ယူခြင်း

## အဓိကကျမ်းချက်

ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်းဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်၊– (က ၁း၂၇)

## စူးစမ်းအဖြေရှာမေးခွန်းများ

မေးခွန်းများကို ဆွေးနွေးမှုအတိုလေးဖြင့် ဦးဆောင်ညွှန်ကြားပါ။

- ဘုရားသခင်သည် လူကိုဖန်ဆင်းစက မည်သူ့အား စံပြပုံစံအဖြစ် အသုံးပြုခဲ့သနည်း။
- ဤသို့လုပ်ဆောင်ခြင်းသည် လူအားထူးခြားစေပါသလား။ အဘယ်ကြောင့်နည်း။
- လူယောကျ်ားနှင့် လူမိန်းမနှစ်ဦးလုံးအား ဘုရားသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားပါသလား။
- ယောကျ်ားနှင့် မိန်းမတွင် မည်သူသည် သာ၍မြတ်သနည်း။

## အထောက်အကူပြုကျမ်းချက်များနှင့် စူးစမ်းအဖြေရှာမေးခွန်းများ

စူးစမ်းအဖြေရှာမေးခွန်းများကိုအသုံးပြု၍ တပည့်တော်များအား ကျမ်းချက်များကိုလေ့လာစူးစမ်းရန် စေခိုင်းပါ။ အကောင်းဆုံးပါဝင်လှုပ်ရှားမှုရရှိစေရန်အတွက် လူ(၃)ဦး သို့မဟုတ် (၄)ဦးပါအဖွဲ့များ ခွဲလိုက်ပါ။

<u>သခင်ယေရှု</u> – <u>ဘုရားသခင်၏ ပုံသဏ္ဍာန်တော်</u>

– ကော ၁း၁၅ – ဟေဗြဲ ၁း၃

- ခမည်းတော်ဘုရားအား လူသားများကဲ့သို့ မြင်တွေ့နိုင်ပါသလား။ လူများ ဘုရားသခင်အား တွေ့မြင်နိုင်ပါသလား။ သို့မဟုတ် ဘုရားသခင်သည် နာမ်ဝိညာဉ်ဘုရားဖြစ်ပါသလား။
- သခင်ယေရှုအား ဘုရားသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားခြင်းဖြစ်ပါသလား။ (သို့မဟုတ်) သခင်ယေရှုသည်ဘုရားသခင်၏ပုံသဏ္ဍာန်တော် ဖြစ်ပါသလား။ ဤအရာသည် မည်သည့်ကွဲပြားခြားနားမှုကို ဖြစ်စေပါသနည်း။
- ဟေဗြဲ ၁ အရ သခင်ယေရှုသည် မည်သူဖြစ်ကြောင်းနှင့် မည်သည့်အမှုကိုပြုကြောင်း ဖော်ပြပါ။
- ကျမ်းပိုဒ်များက သခင်ယေရှုသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်ဖြစ်ကြောင်း မည်သို့ဖော်ပြထားသနည်း။

လူသား – ဘုရားသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားခြင်း

– က ၅း၁–၂ – က ၉း၆

- ဘုရားသဏ္ဍာန်နှင့်အညီ မည်သူ့ကို ဖန်ဆင်းထားသနည်း။
- ဘုရားသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားခြင်းဆိုသည်မှာ အဘယ်နည်း။ လူသားများသည် ဘုရားသခင်နှင့် မည်သို့ကိုယ်စားပြုတူညီကြသနည်း။ မည်ကဲ့သို့ ကွဲပြားကြသနည်း။
- ကျွန်ုပ်တို့၏အသက်တာတွင် အဘယ်ကြောင့်တမူထူးခြားသော သီးသန့်တန်ဖိုးများရှိကြသနည်း။ အခြားဖန်ဆင်းခြင်းလက်ရာများနှင့် ကျွန်ုပ်တို့ မည်ကဲ့သို့ ကွဲပြားခြားနားနေသနည်း။ အဘယ်ကြောင့် လူသားခြင်းသတ်ဖြတ်ခြင်းအတွက် ကြီးလေးသောအပြစ်ဒဏ်ရှိနေရသနည်း။

လူသား – အပြစ်တရားအားဖြင့် ပျက်စီးခြင်း

– က ၃း၁–၆၊ ၂၂–၂၃ – ရော ၁း၂၈–၃၁

- ကမ္ဘာဦးကျမ်း အခန်းကြီး၃တွင် လူသား၏ဘုရားအပေါ်ဆန့်ကျင်ပုန်ကန်မှုကို မှတ်တမ်းတင်ထားသည်။ ထိုကဲ့သို့ဖြစ်ပြီးနောက် လူ့အထဲရှိဘုရားသဏ္ဍာန်တော်သည် မည်သို့ဖြစ်သွားခဲ့သနည်း။
- ရောမသြဝါဒစာတွင်ဖတ်ရသော ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့် သင်သိရှိထားသော ဘုရား၏ သဏ္ဍာန်တော်တို့ကို နှိုင်းယှဉ်ကြည့်ပါ။ အပြစ်တရားသည် ကျွန်ုပ်တို့အတွင်းရှိဘုရားသဏ္ဍာန်တော်အား မည်သို့ဖြစ်စေသနည်း။
- မည်သည့်အရာသည် လူတစ်ဦးနှင့် တစ်ဦးကွဲပြားစေသနည်း။
- လူ့အဖွဲ့အစည်းအားလုံးတွင် လူသားများ၏အသက်တာအား နည်းမျိုးစုံဖြင့်တန်ဖိုးချလျက်ရှိသည်။ ဤအရာနှင့်ပတ်သတ်၍ ကျွန်ုပ်တို့၏ အဖွဲ့အစည်းတွင် မည်သည့်ဥပမာများ တွေ့ရသနည်း။
- ထိုသို့တန်ဖိုးနှိမ့်ချခြင်းများသည် အသင်းတော်များအကြားဖြစ်ပျက်နေပါသလား။ ရှင်းလင်းပြောပြပါ။

လူသား – ဘုရားသခင်၏သဏ္ဍာန်တော်အား ပြန်လည်ထိန်းသိမ်းရရှိစေခြင်း

– ဧ ၄း၂၂–၂၄ – ကော ၃း၉–၁၀

– ၂ကော ၃း၁၈

- ကျွန်ုပ်တို့အသက်တာသည် ဘုရားသခင်၏သဏ္ဍာန်တော်နှင့်အညီ မည်ကဲ့သို့ဖန်ဆင်းခံရသနည်း။ ဤကဲ့သို့လုပ်ဆောင်ရန် လက်တွေ့ကျသော–နည်းလမ်းများကား အဘယ်နည်း။
- ကျွန်ုပ်တို့ မည်ကဲ့သို့ ပြောင်းလဲခြင်းခံရပါသနည်း။ လူသား၏ကြိုးစားအားထုတ်မှုဖြင့် မိမိကိုယ်မိမိ ဘုရားသခင်၏သဏ္ဍာန်နှင့် တူစေနိုင်ပါသလား။

မှားယွင်းသောပုံသဏ္ဍာန်

– ရော ၁း၂၂–၂၃ – ဆာ ၁၃၅း၁၅–၁၈

- လူများသည် ဝတ်ပြုကိုးကွယ်ရာ၌ ရုပ်ပုံများကိုအသုံးပြုခြင်းဖြင့် မိမိကိုယ်မိမိ ဟုတ်မှန်သည်ဟု ထင်တတ်ကြသည်။ သို့သော် ဘုရားသခင်သည် ၎င်းတို့အား မည်သို့ထင်မည်နည်း။
- ရုပ်ပုံသဏ္ဍာန်တစ်ခုအားကိုးကွယ်ခြင်းသည် အဘယ်ကြောင့် မိုက်မဲသောအရာဖြစ်သနည်း။
- မှားယွင်းသောရုပ်ပုံသဏ္ဍာန်များအားကိုးကွယ်ခြင်းသည် ကျွန်ုပ်တို့အားပုဂ္ဂိုလ်ရေးအရ မည်သို့ဖြစ်စေသနည်း။ မှားယွင်းသောရုပ်ပုံများအား ကိုးကွယ်သောလူ့အဖွဲ့အစည်းတွင် မည်သည့်အရာများ ဖြစ်တတ်သနည်း။
- စစ်မှန်သောဘုရားအား ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်သောအခါ မည်သို့ဖြစ်သနည်း။ ဤအရာသည် ကျွန်ုပ်တို့နေထိုင်သည့် လူ့အဖွဲ့အစည်းအား မည်သို့ပြောင်းလဲစေနိုင်သနည်း။
- ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့် လူလက်ဖြင့်ထုသောရုပ်ထုများ မည်သို့ ခြားနားသနည်း။

**ဖြည့်စွက်လုပ်ဆောင်ချက်**

**လေ့ကျင့်ခန်းများ**

တပည့်တော်များအား လေ့လာရန်လမ်းညွှန်ရှိ ပုံ ၁–၁သို့ ရည်ညွှန်းပါ။

- ရုပ်ပုံကားချပ်များ၌ မည်သည့်အရာများကို သင်တွေ့ရှိရသနည်း။
- ပုံထဲမှလူသည် မိမိကိုယ်မိမိ မည်သည့်မေးခွန်းများမေးမြန်းနေသနည်း။
- ထိုမေးခွန်းများအတွက် ဖြစ်နိုင်ခြေရှိသောအဖြေများကား အဘယ်နည်း။

**အလွတ်ကျက်မှတ်ရန်**

- လေ့လာရန်လမ်းညွှန်တွင်ပါဝင်သော အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်ကတ်ပြားများကိုအသုံးပြု၍ အဓိကကျမ်းချက်အား အဖွဲ့လိုက် အလွတ်ကျက်မှတ်ပါ။

  က ၁း၂၇

**အဓိကအကြောင်းအရာများအား ပြန်လည်လေ့လာခြင်း**

တပည့်တော်များအား ဤသင်ခန်းစာ၏ အဓိကသဘောတရားများကို ဖော်ပြစေပါ။ ၎င်းတို့ဖြေဆိုတုန့်ပြန်သောအခါ အောက်ပါအချက်အလက်များအား အကျဉ်းချုံးရည်ညွှန်း၍ အဓိကအချက်များအား တပည့်တော်များနားလည်သိရှိကြောင်းသေချာစေပါ။

သခင်ယေရှု – ဘုရားသခင်၏ ပုံသဏ္ဍာန်တော်

- ခမည်းတော်ဘုရားသခင်သည် မြင်တွေ့ထိတွေ့၍ရသောလူသားမဟုတ်ပါ။ နာမ်ဝိညာဉ်ဘုရားဖြစ်ပါသည်။ ဘုရားသခင်အားကျွန်ုပ်တို့မမြင်တွေ့နိုင်ပါ။
- သခင်ယေရှုအား ဘုရားသခင်၏သဏ္ဍာန်တော်နှင့်အညီဖန်ဆင်းထားခြင်းမဟုတ်ပါ။ သခင်ယေရှုသည် ဘုရားသခင်၏ တိက–ျသေချာတစ်ထပ်တည်းကျသောပုံသဏ္ဍာန်ဖြစ်ပါသည်။ သခင်ယေရှု၏ နှုတ်တော်ထွက်စကားတော်များနှင့် ဥပမာများအားကြည့်ခြင်းအားဖြင့် ဘုရားသခင်သည် အဘယ်သို့ဖြစ်သည်ကို ကျွန်ုပ်တို့သိရှိနိုင်ပါသည်။
- သခင်ယေရှုသည်ဘုရားဖြစ်သည်။ သို့ရာတွင် သခင်ယေရှုနှင့် ခမည်းတော်ဘုရားတွင် ကွဲပြားခြားနားသော တာဝန်ဝတ္တရားများရှိသည်။
- သခင်ယေရှုသည်ဘုရားသခင်ဘုန်းတော်ထင်ရှားရာအလင်းတန်းဖြစ်ပြီး ဘုရားသခင်၏ဖြစ်တည်ခြင်းအား အတိကျဆုံးကိုယ်စားပြုသောသူဖြစ်သည်။

လူသား – ဘုရားသဏ္ဍာန်နှင့်အညီဖန်ဆင်းထားခြင်း

- သခင်ယေရှုသည် ဘုရားသခင်၏သဏ္ဍာန်တော်ဖြစ်သည်။ လူသားသည် ဘုရားသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခံရသူဖြစ်သည်။
- လူသားသည် ဘုရားသခင်၏သဏ္ဍာန်တော် (သို့မဟုတ်) ရုပ်ပုံအားထင်ဟပ်ပြသစေရန်အတွက် ဖန်ဆင်းခြင်းခံရသူဖြစ်သည်။
- လူသားဟုခေါ်ဝေါ်ခြင်းခံရသောယောကျ်ားနှင့်မိန်းမနှစ်ဦးလုံးသည် ဘုရားသခင်၏သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်းခံရသည်။ ထို့ကြောင့် ယောကျ်ားနှင့် မိန်းမနှစ်ဦးလုံးသည် တူညီမျှတသောတန်ဖိုးများ ရှိကြသည်။
- ကျွန်ုပ်တို့၏တန်ဖိုးများသည် ပစ္စည်းဥစ္စာ၊ ဉာဏ်ရည်ဉာဏ်သွေး၊ လုပမှု၊ လူမျိုး၊ လူတန်းစား၊ အလုပ်အကိုင်၊ ရာထူး၊ သို့မဟုတ် အရည်အချင်းစသော ကျွန်ုပ်တို့၏ဖြစ်တည်မှုနှင့် လုပ်ဆောင်မှုများဖြင့် တိုင်းတာခြင်းမဟုတ်ပေ။ ကျွန်ုပ်တို့သည် ဘုရား၏သဏ္ဍာန်နှင့်အညီဖန်ဆင်းခြင်းခံရသောကြောင့် တမူထူးခြားသောတန်ဖိုးများရှိနေကြခြင်းဖြစ်သည်။
- ကျွန်ုပ်တို့၏ထိုက်တန်မှုကို ဘဝအသက်တာအား ဘုရားသခင်၏ တန်ဖိုးထားခြင်း၌ တွေ့မြင်ရသည်။ ဘုရားသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားသော သူတစ်ဦးအားအသေသတ်ခြင်းသည် ဘုရားသခင်အား ဆန့်ကျင်ထိုးနှက်မှုပင်ဖြစ်သည်။

လူသား – အပြစ်တရားအားဖြင့်ပျက်စီးခြင်း

- အာဒံနှင့် ဧဝသည် အပြစ်ကျူးလွန်ခဲ့ကြသည်။ ၎င်းတို့၏ကျဆုံးမှုဖြစ်သော အပြစ်ဒုစရိုက်နှင့် ပုန်ကန်မှုသည် လူသားအတွင်းရှိ ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကို ပျက်စီးစေသည်။ အပြစ်ဒုစရိုက်သည် ကျွန်ုပ်တို့အတွင်းရှိ ဘုရားသဏ္ဍာန်တော်အား ဆက်လက်ပ–ျက်စီးစေလျက်ရှိသည်။ ၎င်းသည် ဘုရား၏သဘောသဘာဝဖြစ်သော (ကျွန်ုပ်တို့အတွက် ရည်ရွယ်ထားသော)သန့်ရှင်းခြင်းနှင့် ကောင်းမြတ်ဖြောင့်မှန်ခြင်းတို့၏ဆန့်ကျင်ဘက်ဖြစ်သော အတွေးအခေါ်၊ စိတ်သဘောထားများနှင့် အပြုအမူများကို ဖြစ်ပေါ်စေသည်။
- ပတ်ဝန်းကျင်အဖွဲ့အစည်းသည် ဘုရားသခင်၏သဏ္ဍာန်တော်အား နားလည်သဘောပေါက်မှုမရှိသောအခါ လူများ၏အသက်တာသည် လေးနက်စွာ တန်ဖိုးထားမခံရတော့ပေ။ ထိုသို့အသက်တာကိုတန်ဖိုးမထားခြင်းအား လူ့အဖွဲ့အစည်းများတွင် ကိုယ်ဝန်ဖျက်ချခြင်း၊ အမျိုးသမီးများအား လေးစားမှုမရှိခြင်း၊ လူနှင့်တိရိစ္ဆာန်တန်းတူသတ်မှတ်ခြင်း၊ လူ့အသက်အားတန်ဖိုးထားမဆက်ဆံခြင်းများပြုလုပ်လာသောအခါ ထင်ရှားစွာတွေ့မြင်လာရသည်။
- ပျက်စီးစေသောအပြစ်ဒုစရိုက်များကို အသင်းတော်နှင့်ကမ္ဘာပေါ်တွင် တွေ့ရှိနိုင်သည်။

လူသား – ဘုရားသခင်၏သဏ္ဍာန်တော်အားပြန်လည်ရရှိစေခြင်း

- ဘုရားသခင်သည် လူအား တစ်ချိန်ကရှိခဲ့သောသဏ္ဍာန်ပြန်လည်ရရှိစေရန် ရည်ရွယ်ပါသည်။
- သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့အား လူဟောင်း၏အကျင့်ကိုချွတ်ပယ်ပြီး လူသစ်၏အကျင့်ကို ယူတင်ဝတ်ဆောင်ရန် စေခိုင်းထားပါသည်။ မူလပုံသဏ္ဍာန်ပြန်လည်ရရှိရေး လုပ်စဉ်တွင် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ တက်ကြွစွာပါဝင်ရပေမည်။
- ဤလုပ်ငန်းစဉ်၏အဓိကသော့ချက်မှာ ဘုရားနှင့်ပတ်သတ်သည့်သိကျွမ်းခြင်း၊ နှုတ်ကပတ်တော်အား လိုက်လျောက်ကျင့်သုံးခြင်းနှင့် ဘုရားသခင်၏ဝိညာဉ်တော်လုပ်ဆောင်မှုတို့ဖြစ်သည်။

မှားယွင်းသောပုံသဏ္ဍာန်များ

- ဘုရားသခင်သည် သူ၏ပုံသဏ္ဍာန်တော်နှင့်ပတ်သတ်၍ များစွာဝန်တိုသောသဘောရှိပြီး၊ သူ၏ဘုန်းတော်အား အခြားသောရုပ်တုများနှင့် ဘယ်သောအခါမျှ မျှဝေခံစားမည်မဟုတ်ပေ။ ဘုရားသခင်၏သဏ္ဍာန်တော်အားပျက်စီးစေသော၊ ဖန်ဆင်းရှင်ဘုရားအား ဖန်ဆင်းခံအဆင့်သို့ နိမ့်ကျစေသော ရုပ်တုကိုးကွယ်ခြင်းအားအပြုလုပ်ရန် တားမြစ်ထားပါသည်။

- ကျွန်ုပ်တို့ကိုးကွယ်သည့်အရာနှင့် ကျွန်ုပ်တို့ တူလာတတ်ကြသည်။ သမ္မာကျမ်းစာပါ ဘုရားသခင်အား ကျွန်ုပ်တို့ကိုးကွယ်ပါက သူ၏သဏ္ဌာန်နှင့်အညီ ကျွန်ုပ်တို့ပြောင်းလဲခြင်းခံရပါသည်။ လူထုလုပ်သော ရုပ်ထုအားကိုးကွယ်ပါက ကျွန်ုပ်တို့သည် မှားယွင်းသောပုံသဏ္ဌာန်နှင့် တူညီသွားပါသည်။ ကျွန်ုပ်တို့ ဝန်းကျင်အဖွဲ့အစည်းနှင့်နိုင်ငံသည် ရုပ်တုများကိုးကွယ်ပါက ထိုဝန်းကျင်အဖွဲ့အစည်း (သို့) နိုင်ငံ၏ စည်းမျဉ်းဥပဒေသများနှင့်လုပ်ဆောင်မှုများသည် မမှန်ကန်သောအရာများပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပါသည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့အားသူ၏သဏ္ဌာန်နှင့်အညီဖန်ဆင်းထားခြင်းသည် သူ့အားနည်းလမ်းများစွာဖြင့်ကိုယ်စားပြုရန်ဖြစ်သည်။ လူလုပ်သော ရုပ်ထုများမှာမူ ထိုသို့မဟုတ်ပါ။ ၎င်းတို့သည် ဘုရားသခင်အားကိုယ်စားပြုခြင်းမရှိပါ။ ဝတ်ပြုကိုးကွယ်ရန်လည်းမဟုတ်ပါ။ ရုပ်တုကိုးကွယ်ခြင်းသည် မိုက်မဲမှုသာမက ဆိုးညစ်သောအမှုလည်းဖြစ်ပါသည်။

**အကျဉ်းချုပ်**

- အကျဉ်းချုပ်အားအသံရွတ်ဖတ်ပြပါ။ သို့မဟုတ် သင်ခန်းစာအား သင့်ကိုယ်ပိုင်စကားလုံး များဖြင့် အကျဉ်းချုပ်ပေးပါ။

  သခင်ယေရှုသည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်သောကြောင့် ယေရှုသည်ဘုရားသဏ္ဌာန်နှင့်အညီ ဖန်ဆင်းခံရသူမဟုတ်ပါ။ ဘုရားသခင်သည်လူအားဖန်ဆင်းသောအခါက သူ၏သဏ္ဌာန်နှင့်အညီကျွန်ုပ်တို့အားပြုလုပ်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် နည်းလမ်းများစွာတွင်တူညီရန် ဖန်ဆင်းခံခဲ့ရပါသည်။

  ကျွန်ုပ်တို့သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်အညီဖန်ဆင်းခြင်းခံခဲ့ရသောငြားလည်း ကျွန်ုပ်တို့၏သဏ္ဌာန်တွင် ဘယ်သောအခါမျှ ဘုရားသခင်အားဖန်တီးမှုမပြုလုပ်မိစေရန် ဂရုပြုမိရပေမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စရိုက်လက္ခဏာနှင့်တူညီစွာ တစိုက်မတ်မတ်ကြီးထွားအသက်ရှင်သင့်သည်။ သို့ရာတွင် ဘုရားသခင်၏ ဂုဏ်တော်(သို့) အစိုးတရပြုခြင်းတို့အား မတုပသင့်ပါ။

  လူသည်ဘုရားသခင်အားဆန့်ကျင်ပုန်ကန်မှုပြုပြီး အပြစ်ဒုစရိုက်သည် ကမ္ဘာလောကထဲသို့ ဝင်ရောက်လာသောအခါလူ၏အထဲရှိ ဘုရားပုံသဏ္ဌာန်မှာ ပျက်စီးခြင်းခံခဲ့ရသည်။ ဘုရားသခင်ကဲ့သို့မှန်ကန်ဖြောင့်မတ်ရမည့်အစား ကျွန်ုပ်တို့သည် ဆိုးယုတ်ညစ်ညူးသောအရာများဘက်သို့ ဦးတည်လာကြသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ဘုရားသခင်၏ပုံသဏ္ဌာန်တော်သို့ ပြောင်းလဲခြင်းခံရသည်။ သမ္မာကျမ်းစာအား ကျွန်ုပ်တို့သည် ယုံကြည်သောနှလုံးသားများဖြင့်လေ့လာဖတ်ရှုပြီး ကျွန်ုပ်တို့တွေ့ရှိရသောအရာများအား နာခံလိုက်နာပါက အပြစ်နှင့်ပြည့်သောကျွန်ုပ်တို့၏ ကိုယ်ဟောင်းကိုစွှတ်ပယ်စွန့်ပစ်ပြီး ဘုရား၏သဏ္ဌာန်တော်ဖြစ်သောကိုယ်ခန္ဓာအသစ်ဖြင့် မိမိတို့ကိုယ်မိမိယူတင်ဝတ်ဆောင်ပြီးဖြစ်ပေလိမ့်မည်။

## လက်တွေ့လိုက်နာကျင့်သုံးခြင်း

**နမူနာမေးခွန်းများနှင့် ဖြစ်နိုင်ခြေရှိသောတုန့်ပြန်ချက်များ ဒ ဏ္ဍ ဓ**

- တပည့်တော်များအား သင်ခန်းစာကို တစ်ဦးချင်းမည်သို့လိုက်လျှောက်နိုင်ကြောင်း တွေးတောဆင်ခြင်နိုင်ရန်ကူညီပေးပါ။
  - ♦ နောက်သင်ခန်းစာမစတင်မီ ဤသင်ခန်းစာအား မည်သည့်နည်းလမ်းများဖြင့် ကျွန်ုပ်တို့တစ်ဦးချင်းလက်တွေ့လိုက်လျှောက်နိုင်မည်နည်း။ အောက် တွင်ဖော်ပြထားသောအချက်များမှာနမူနာတုန့်ပြန်ချက်များဖြစ်သည်။
    - ◊ ကျွန်ုပ်တို့အသက်တာတွင်ရှိသော အပြစ်များကိုသိမြင်ပါက အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် အပြစ်များကိုဝန်ခံပါ။
    - ◊ ဤမိတ်ဆွေတစ်ဦးဦးအားဘုရားသခင်၏သဏ္ဌာန်နှင့်အညီကြီးထွားအသက်ရှင်စေရန်နှင့် နားလည်သဘောပေါက်လာစေရန်စတင်ပြုလုပ်ပါ။
    - ◊ ဤလေ့လာရန်လမ်းညွှန် နောက်ဘက်ရှိထပ်မံဖြည့်စွက်ထားသောကျမ်းပိုဒ်များကိုဖတ်ပါ။ ဆင်ခြင်တွေးတောပါ။ ဆုတောင်းပါ။ နှုတ်ကပတ်တော်အတိုင်း လက်တွေ့လိုက်လျှောက်ခြင်းကိုအစပြုပါ။

**တစ်ဦးခြင်းပြန်လည်သုံးသပ်ခြင်းနှင့် ဆုံးဖြတ်ချက်များချခြင်း**

- ဤသင်ခန်းစာအား တစ်ဦးချင်းမည်ကဲ့သို့လက်တွေ့လိုက်နာကျင့်သုံးမည်ကို လာမည့်ရက်များအတွင်းဆင်ခြင်သုံးသပ်ရန် တပည့်တော်များအားတိုက်တွန်းအားပေးပါ။
- နောက်သင်ခန်းစာမစတင်မီ လက်တွေ့လုပ်ဆောင်ချက်တစ်ခုအား ပြီးမြောက်အောင်လုပ်ဆောင်ရန် သင်၏တပည့်တော်များကိုစေခိုင်းပါ။ လက်တွေ့လိုက်နာ ကျင့်သုံးမည့်အစီအစဉ်ဇယားအား ဖြည့်စွက်ရာ၌ အောက်ပါအချက်အလက်များကို ထည့်သွင်းရေးသားစေပါ။

  – ၎င်းတို့ မည်သည့်အရာကိုလုပ်ဆောင်မည်နည်း။ မည်သည့်အချိန်၌ လုပ်ဆောင်မည်နည်း။
  – မည်သူများအား အစေခံမည်နည်း။ သို့မဟုတ် မည်သူများပါဝင်မည်နည်း။ (အိမ်နီးချင်းများ၊ မိတ်ဆွေများ ‌. ‌. ‌. ‌.)

**ကြားဝင်တောင်းခံခြင်း**

- တပည့်တော်များအား နှစ်ယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့ ဖွဲ့လိုက်ပါ။ အချင်းချင်းအတွက်ဆုတောင်းစေပါ။ အထူးသဖြင့် ၎င်းတို့၏ လက်တွေ့လိုက်နာကျင့်သုံးမည့်အစီအစဉ်များအတွက် ဆုတောင်းစေပါ။

**ပေါင်းကူးဆက်သွယ်ပေးသောမေးခွန်း**

- ပေါင်းကူးဆက်သွယ်ပေးသောမေးခွန်းကိုမေးပါ။ သို့ရာတွင်ဖြေကြားခြင်း (သို့မဟုတ်) ဆွေးနွေးခြင်းမပြုလုပ်ပါနှင့်။

  ဘုရားသခင်သည်လူသားအားသူ၏သဏ္ဌာန်နှင့်အညီဖန်ဆင်းထားခြင်းဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့အား ထိုသဏ္ဌာန်နှင့်အညီ ပြောင်းလဲအသက်ရှင်စေလိုကြောင်း ကျွန်ုပ်တို့လေ့လာ တွေ့ရှိခဲ့ပြီးဖြစ်သည်။ နောက်လာမည့်သင်ခန်းစာသည် ဘုရားသခင်၏သဏ္ဌာန်တော်အား တူညီသောအမြင်ရှုထောင့်မျိုးစုံမှရှုမြင်ထားပါသည်။ ဤသင်ခန်းစာများပြီးစီးပါကကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ ‘အခုဘုရားသခင်ရဲ့သဏ္ဌာန်တော် ကိုငါတို့သိမြင်လာပြီ။ ဘုရားသခင်နှင့်ငါတို့ဘယ်လိုပိုပြီးတူနိုင်မလဲ’ ဆိုသည့်မေးခွန်းအား မေးလာပါလိမ့်မည်။ နောက်သင်ခန်းစာတွင်စကြဝဠာအားဖန်ဆင်းသော ဖန်ဆင်းရှင်ဘုရားသခင်အကြောင်းကို ကျွန်ုပ်တို့ ပိုမိုလေ့လာရမည်ဖြစ်သည်။

**အပိတ်ဆုတောင်း**

- သင်ခန်းစာအဆုံးသတ်ဆုတောင်းရန် တပည့်တော်တစ်ယောက်ယောက်ကိုမခိုင်းစေမီ နောက်ဆုံးညွှန်ကြားချက် အားလုံးပေးပါ။

နောက်ဆက်တွဲလုပ်ဆောင်ရန် – နောက်သင်ခန်းစာမစတင်မီ

လုပ်ဆောင်သင့်သောအရာများမှာ ။ ။ ။ ။

– သင်ခန်းစာနှစ်ခုအကြား ဦးဆောင်အကြံပေးခြင်း

– သင်ခန်းစာနှစ်ခုအကြား လက်တွေ့ကျင့်သုံးမှုအတွေ့အကြုံများ

(နောက်သင်ခန်းစာ၏အစတွင် ဤအရာများကို ပြန်လည်အစီရင်ခံနိုင်ရန် တပည့်တော်များအား အသင့်ဖြစ်နေစေပါ။)